**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

**www.knuhq.org**

## အာဏာသိမ်းစစ်ကောင်စီမှ ညောင်ပင်သာရွာရှိပြည်သူများကို လူသားမဆန်စွာဖြင့် အစုလိုက်အပြုံလိုက်မီးရှို့သတ်ဖြတ်မှုအပေါ် သတင်းထုတ်ပြန်ချက်၊

၂၀၂၃ ခုနှစ်၊ မေလ (၁၄) ရက်နေ့

၁။ အာဏာသိမ်းစစ်ကောင်စီ၏ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ဦးဆောင်ကွပ်ကဲသည့် ထုတ်နုတ်အင်အား (၁၀၀) ကျော် ရှိသော စုပေါင်းတပ်သည် ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်နယ်မြေဖြစ်သော ညောင်လေးပင် ခရိုင်၊ မုန်းမြို့နယ်အတွင်း ဝင်ရောက်လာပြီး ညောင်ပင်သာရွာအနီး အရောက်၊ ၂၀၂၃ ခုနှစ် မေလ (၁၀) ရက်နေ့၊ (၁၇း၂၀) နာရီတွင် ဒေသခံတပ်ဖြစ်သော မိမိတို့ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) တပ်မဟာ (၃) ဦးဆောင်သော တပ်ဖွဲ့များနှင့် ထိပ်တိုက် ရင်ဆိုင်မှုများဖြစ်ပွားခဲ့ပြီး စစ်ကောင်စီ တပ်မှ ဗိုလ်ကြီး (၁) ဦး၊ ဗိုလ် (၁) ဦး နှင့် အကြပ် (၁) ဦး အပါအဝင် (၅) ဦးကျဆုံးသွားခဲ့သည်။

၂။ ထို့ကြောင့် ၎င်းတို့သည် ညောင်ပင်သာရွာမှ ရွာသားများကို ဓါးစာခံ အဖြစ် ဖမ်းဆီးပြီး ကြိုးနှင့်ချီကာ အစု (၂) စု ခွဲပြီး ကလေးငယ် (၄) ဦး၊ အမျိုးသမီး (၁၁) ဦးအပါအဝင် အပြစ်မဲ့ပြည်သူ (၁၉)ဦး အား မီးရှို့သတ်ဖြတ်ခဲ့ပြီး အခြားရွာသား(၁)ဦးကိုလည်း ရွာ၏သင်္ချိုင်းဝင်းအတွင်း ရက်စက်စွာ ညှင်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့ပါသည်။ ထို့အပြင် ၎င်းတပ်ဖွဲ့များသည် ရေအိုးစင် ရွာသား (၄) ဦး နှင့် ၎င်းရွာသို့ အလည်လာသည့် အခြားရွာမှ ရွာသူ (၃) ဦး စုစုပေါင်း (၇) ဦး တို့ကို ၎င်းတို့လုံခြုံရေးအတွက် လူသားဒိုင်းကာအဖြစ် ဆက်လက် ဖမ်းဆီး ခေါ်ဆောင်သွား ခဲ့ပါသည်။

၃။ လက်ရှိအချိန်အထိ ကောက်ခံရရှိသော သတ်ဖြတ်ခြင်းခံရသည့် ရွာသား (၂၀) ဦးသည် မိသားစု (၉) စု မှ ဖြစ်ပြီး ၎င်းတို့၏အမည်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| **အမှတ်စဉ်** | **မိသားစု** | **အမည်** | **ကျား** | **မ** | **အသက်(နှစ်)** | **စုစုပေါင်း** |
|---|---|---|---|---|---|---|
| ၁။ | ၁ | ဦးဝင်းအောင် | ကျား | | ၈၀ | အိမ်ထောင်ဦးစီး |
| ၂။ | | ဒေါ်လှ | | မ | ၇၅ | ဇနီး |

| | | | | | | |
|---|---|---|---|---|---|---|
| ၃။ | | မခင်အုန်း | | မ | ၅၅ | သမီးကြီး |
| ၄။ | | မသန်းသန်းဝေ၊ | | မ | ၂၈ | ၄ ယောက်မြောက်သမီး |
| ၅။ | | စစ်ပိုင်ဟိန်း | ကျား | | ၅ | သန်းသန်းဝေသား |
| ၆။ | ၂ | ကိုတိုးတိုး | ကျား | | ၅၃ | အိမ်ထောင်ဦးစီး |
| ၇။ | | မတင်အုန်း | | မ | ၅၃ | ဇနီး |
| ၈။ | | မဂျူးဂျူး | | မ | ၁၈ | သမီး (ကျောင်းဆရာမ) |
| ၉။ | ၃ | မချစ်တီး | | မ | ၅၈ | အပျိုကြီး |
| ၁၀။ | ၄ | မတင်ဆန်း | | မ | ၅၃ | အပျိုကြီး |
| ၁၁။ | ၅ | ဒေါ်ခင်ရီ | | မ | ၆၈ | အပျိုကြီး |
| ၁၂။ | | သန်းသန်းရွှေ၊ | | မ | ၃၅ | ဒေါ်ခင်ရီ၏ ယောင်းမ |
| ၁၃။ | | သက်နှင်းစံ | | မ | ၆ | သန်းသန်းရွှေ၏သမီး |
| ၁၄။ | ၆ | ဦးကျော်တင်သိန်း | ကျား | | ၅၅ | |
| ၁၅။ | ၇ | ဦးဝင်းမြိုင် | ကျား | | ၇၀ | |
| ၁၆။ | ၈ | ဇော်မိုးအောင် | ကျား | | ၄၀ | အိမ်ထောင်ဦးစီး |
| ၁၇။ | | မသူဇာ | | မ | ၄၀ | ဇနီး |
| ၁၈။ | | မောင်မိုးဝေယံ | ကျား | | ၁၅ | သား |
| ၁၉။ | | မောင်မိုးဝသန် | ကျား | | ၇ | သား |
| ၂၀။ | ၉ | ကိုဟန်စိုး | ကျား | | ၃၇ | သီးခြားအသတ်ခံရ (စအိုတွင်း တုတ်ထိုးသွင်းခံရ) |

၄။ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် အသက်ဆုံးရှုံးသွားကြရသောမိသားစုများ၏ ကျန်ရစ်သူမိသားစုအဖွဲ့ဝင်များနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရသလို လူသားဒိုင်းကာအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့် ပြည်သူများအတွက်လည်း စိုးရိမ်ပူပန် လျှက်ရှိပါသည်။ ထိုသို့ အာဏာသိမ်းစစ်ကောင်စီတပ်၏ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်ခြင်းတို့အတွက် ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံးမှ ပြင်းထန်စွာ ရှုံ့ချကန့်ကွက်ပြီး တရားမျှတမှုရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်း စစ်ရာဇဝတ်မှုကျူးလွန်မှုများအတွက် အာဏာသိမ်းစစ်ကောင်စီတပ် က တာဝန်ခံရမည်ဖြစ်ပါသည်။

၅။ စစ်ဆင်ရေးအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်စိုးမင်း က စစ်ဆင်ရေးစီမံချက်ကို ကွက်ကဲပြီး ကျောက်ကြီးဗျူဟာ ဗျူဟာမှူး ဗိုလ်မှူးကြီးနေထက်အောင် က အနီးကပ် တိုက်ရိုက်ကွက်ကဲ ပါသည်။ စစ်ဆင်ရေးတွင် ပါဝင်သောတပ်များမှာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကွက်ကဲမှုအောက်တွင်ရှိသည့် ခလရ(၇၃)၊ ခမရ (၅၉၉)၊ အမှတ် (၆) စစ်ဆင်ရေးကွက်ကဲမှု ဌာနချုပ် လက်အောက်ခံ ခလရ (၈၄)နှင့် တပ်မ (၉၉) လက်အောက်ခံတပ်ရင်းဖြစ်သော ခမရ (၁၅) တို့ဖြစ်ပါသည်။ ၎င်းအာဏာသိမ်းစစ်တပ်သည် အဆိုပါဒေသတွင်းဆက်လက်တပ်စွဲထားသည့်အတွက် နောက်ထပ် လူ့အခွင့် အရေးချိုးဖောက်မှုများလည်း ဆက်လက်ဖြစ်ပေါ်လာ နိုင်နေသေးသည့်အတွက် မိမိတို့က အထူးစောင့်ကြည့် နေပါသည်။

၆။ အာဏာသိမ်းပြီးအလွန်မှစ၍ အာဏာသိမ်းစစ်ကောင်စီတပ်မှ ပြည်သူများအပေါ်ကျူးလွန်သည့် လူမဆန်သည့် ဖမ်းဆီး ညှင်းပန်းနှိပ်စက်သတ်ဖြတ်မှုများသည် ပို၍ များပြားလာပြီး အပြစ်မဲ့အရပ်သား ပြည်သူလူထုများကို ပစ်မှတ် ထားကာ လေကြောင်းမှတိုက်ခိုက်ခြင်း၊ လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဖမ်းဆီးညှင်းပန်း မီးရှို့သတ်ဖြတ်ခြင်းတို့ကို နိုင်ငံအနှံ့ အမြောက်အများကျူးလွန်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၇။ ယင်းသို့ ပြည်သူများအား အကြောင်းမဲ့ ညှင်းပန်းနှိပ်စက်၊ သတ်ဖြတ်မီးရှို့ခြင်းများ ကို ဥပဒေမဲ့ကျူးလွန်လျက်ရှိပြီး စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လျက်ရှိသော အာဏာသိမ်း စစ်ကောင်စီကို ကမ္ဘာ့ကုလသမဂ္ဂမှသော်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှသော်လည်းကောင်း၊ နိုင်ငံတကာ တရားရေးယန္တယား များမှသော်လည်းကောင်း၊ ဒေသတွင်း အဖွဲ့အစည်းဖြစ်သော အာဆီယံ (ASEAN)နှင့် ၎င်းအဖွဲ့ဝင် နိုင်ငံများမှသော်လည်းကောင်း၊ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများမှ သော်လည်းကောင်း၊ ပို၍ထိရောက် လက်တွေ့ကျသော နည်းလမ်းများဖြင့် တိုးချဲ့ ပိတ်ဆို့ အရေးယူ ဆောင်ရွက်ကြရန် တောင်းဆိုလိုက်သည်။

၈။ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် မိမိတို့၏ ပြည်သူလူထုများ၏ အသက်အိုးအိမ်စည်းစိမ်များတို့ကို ကာကွယ်ရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ<br>
ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး<br>
ဗဟို

ဆက်သွယ်ရန် -

- ပဒိုစောကလယ်စေး (+၆၆ ၆၄၉၀၃၀၃၄၀)